ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့၊ (7-2-2012) (၇၀၂၈)

ဒို့တာဝန်အရေးသုံးပါး
- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများကို ကြည့်မည်ဆိုလျှင် စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများက အဓိကမြင့်မားနေ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများကို မြှင့်တင်လိုပါက ပြည်သူလူထု၏ပညာစွမ်းရည်မြင့်မားရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိရာ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက တက္ကသိုလ်သမိုင်း၊ ဖွဲ့စည်းပုံနှင့် လေ့ကျင့်သင်ကြားပေးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယခုအချိန်တွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်အဆက်ဆက်က ပြည်တွင်းပဋိပက္ခများကို ငြိမ်းအေးစေပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အလားအလာကောင်းများစွာရရှိနေ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)သို့ ရောက်ရှိသည်။

ဒုတိယသမ္မတအား ဘွဲ့နှင်းသဘင်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးအောင်သန်းမြင့်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်ရှိ ကွန်ပျူတာလက်တွေ့ခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် Computer Numerical Control Machine Room၊ အင်ဂျင်နီယာအလုပ်ရုံတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) အင်ဂျင်နီယာအလုပ်ရုံတွင် လက်တွေ့ဆောင်ရွက်ပြသထားမှုများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၇-၂-၂၀၁၂[အင်္ဂါနေ့]။

ရိုးရာမှု ဟန်ပန်မပျက်

"လူမှာအဝတ် တောင်းမှာအကွပ်"ဟူသော မြန်မာဆိုရိုးစကားရှိသည်။ ဝတ်စားဆင်ယင်မှုသည် လူ၏တင့်တယ်မှုပင်ဖြစ်သည်။ လူမျိုးတိုင်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှုရှိသည်။ ထိုဆင်ယင်မှုသည်ပင် ထိုလူမျိုး၏ ဂုဏ်နှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြညွှန်းဆိုနေသည်။ ရေမြေသဘာဝ ကွာခြားမှုအရ နိုင်ငံနှင့်လူမျိုးအလိုက် ဝတ်စားဆင်ယင်မှုများလည်း မတူညီနိုင်ပါ။

ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝပေါက်ပင်တို့သည် တည်နေရာ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်အလိုက် ကွဲပြားခြားနားတတ်သကဲ့သို့ လူမျိုးတို့၏ဝတ်စားဆင်ယင်မှု ဓလေ့ထုံးစံများလည်း ထိုအခြေအနေများပေါ်မူတည်၍ ကွဲပြားခဲ့ရပေသည်။ ဒေသအလိုက် ဓလေ့ထုံးစံများပြောင်းလဲရာတွင် အခြေခံဟန်မပျက် ပြောင်းလဲသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ အမျိုးသားဆင်ယင်ထုံးဖွဲ့မှု ပြောင်းလဲရေးဆိုရာ၌ တောင်ရှည်ပုဆိုး၊ တိုက်ပုံနှင့် ယောထဘီဝတ်ရန် မဟုတ်ပါ။ ပြောင်းလဲတိုးတက်နေသောအခြေအနေသည် အမျိုးသားဆင်ယင်ထုံးဖွဲ့မှုထက် မလွန်ကဲရန် ဆိုလိုခြင်းဖြစ်သည်။ သူ့နေရာနှင့် သူ့သဘင်ပွဲအခမ်းအနားသင့်လျော်သည့် အဝတ်အစားဆင်မြန်းခြင်းဖြင့် နိုင်ငံ၏ဂုဏ်၊ အမျိုးဂုဏ်မပျက်အောင် ပြောင်းလဲခြင်းဖြစ်သည်။

မိမိတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်ရှိသူတိုင်းက တန်ဖိုးထားလေးစားရမည်။ ဗုဒ္ဓတရားတော်အရ စိတ်ဓာတ်ယဉ်ကျေးမှုသည် အရှက်နှင့် အကြောက်တရား "ဟီရိဩတ္တပ္ပ" တရားပင်ဖြစ်သည်။ သူတော်ကောင်းတရား ခုနစ်ပါး၌ပါဝင်သည်။ ရှေးယခင်က မြန်မာအမျိုးသမီးများသည် အရှက်အကြောက်တရားကို ထိန်းသိမ်းကြသည်။ ထို့ကြောင့် အမျိုးသမီးတိုင်း အဝတ်အစားကို သပ်ရပ်သန့်ရှင်း လုံခြုံစွာ ဝတ်ဆင်ကြသည်။

အမှန်အားဖြင့်ဆိုလျှင်မူ မည်သည့်လူမျိုး၏ ဝတ်စားဆင်ယင်မှုမဆို အရောအနှောမကင်းသောသဘောက မလွတ်ကင်းပေ။ တစ်နည်းမဟုတ်တစ်နည်း ရောယှက်နေကြသည်။ မြန်မာအမျိုးသမီးတို့သည် တရုတ်၊ အိန္ဒိယ၊ ကိုရီးယားတို့နှင့် ယဉ်ကျေးမှုချင်းဆက်ဆံခဲ့၍ ထွေးရောယှက်တင် ရှိခဲ့သော်လည်း နောက်ဆုံးတွင် မြန်မာ့မူဟန်က သီးခြားခွဲထွက်ကာ ယဉ်ကျေးမှုအစစ်ကို တွန်းလှန်ခဲ့သည်ဟု ဆိုရမည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာနယ်ပယ်များကို ကြည့်ပါက နိုင်ငံခြားဝတ်စားဆင်ယင်မှုများကို တုပမှသာ အဆင့်အတန်းမြင့်သည်ဟု အတုယူမှားပုံကို တွေ့ကြသည်။ ဇာတိ၊ ပုညာ၊ ဂုဏ်မာနစောင့်ထိန်းရန်မှာ မြန်မာအမျိုးသမီးတို့၌ ပိုမိုတာဝန်ရှိသည်။ မိမိ၏မိဘဂုဏ်၊ ဆွေမျိုးဂုဏ်၊ ဇာတိဂုဏ် ညှိုးနွမ်းသေးသိမ်စေမည့် ဝတ်စားဆင်ယင်မှုတို့ကို ဆန့်ကျင်တိုက်ဖျက်ရမည်။ ဂုဏ်သိက္ခာကို မကာကွယ်၊ မစောင့်ရှောက်ဘဲ ပေါ့ပြက်ပြက်နေကြလျှင် မြန်မာအမျိုးသမီးများ ကိုယ်ကျင့်တရားပျက်၊ လူမျိုးခြားလက် ဝကွက်အပ်ရပေမည်။

ထို့ကြောင့် "အရိုးပေါ် အရွက်မဖုံးစေဘဲ" အသိတရားနှင့် သတိထားထိန်းသိမ်းဝတ်ဆင်သင့်သည်။ အချိန်သည် တရွေ့ရွေ့နှင့် ပြောင်းလဲနေသည်နှင့်အမျှ ခေတ်သည် အရှိန်အဟုန်ပြင်းစွာ တိုးတက်ပြောင်းလဲနေသည်။ ခေတ်နှင့်လျော်ညီစွာ တိုးတက်ပြောင်းလဲခြင်းမရှိလျှင် ကျန်ရစ်မည်မှာ မလွဲဟု ခံယူကြသည်။

သို့ရာတွင် ရိုးရာမပျက် ခေတ်မီရန်လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှုများကို လက်ခံရမည်။ သို့သော် စိတ်ပိုင်းဆိုင်ရာ မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှုများ ခေတ်ရေစီးကြောင်းထဲ မျောပါသွားမည်ကိုဖြင့် သတိပြုကြရမည်။ မျက်မှောက်ခေတ်တွင် အမျိုးသမီးအများစု၏ ဝတ်စားဆင်ယင်မှုများက လျှပ်ပေါ်လော်လည်ကြသဖြင့် တားဆီးကာကွယ်ကြဖို့လိုမည်ဖြစ်သည်။

ညောင်ရမ်းမင်းဆက် ဝမ်းဘဲအင်းစံမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၀ ခုနှစ် နယုန်လဆန်း ၁၀ ရက်တွင် ဘိုးဘေးအစဉ်အလာအတိုင်း ဝတ်စားဆင်ယင်ကြရန် မင်းမိန့်ထုတ်ပြန်ခဲ့ကြောင်း ဖတ်မှတ်ရပါသည်။ "အနုပညာသည် ပြည်သူအတွက်ပါ" ဟု ဆိုပါလျှင် ရိုးရာမှုမပျက်သော ဝတ်စားဆင်ယင်မှုမျိုးကို တန်ဖိုးထား၍ လမ်းပြရှေ့ဆောင်ခြင်းဖြင့် အရိုးကိုအရွက်မဖုံးဘဲ ပြောင်းသင့်သည်တို့ကို ခေတ်နှင့်ညီအောင်သာ ပြောင်းလဲဖို့ လိုမည်ဟု ရှုမြင်မိပါသည်။ ။

အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ခေတ်သစ်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်စေရန်နှင့် ငွေရေးကြေးရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်စေရန် ယခုကဲ့သို့သော သင်တန်းများဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်းဖြင့် ပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဘဏ်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ် (၂)တွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၃၄ ဦးသည် ရက်သတ္တကိုးပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ စသည်တို့ကို လေ့လာသင်ယူကြမည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ဆွီဒင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏(၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက အဆိုပါရုပ်ပွားတော်မြတ်ကြီး အရှေ့ဘက်မုခ်ဦး၌ ကျင်းပခဲ့ရာ ရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေကျော်၊ နိုင်ငံတော်သမ္မတအကြံပေး ဦးအုံ့မောင်၊ မြောက်ပိုင်းခရိုင် မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ခင်မောင်အေး-အင်းစိန်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၇၅၀	၀. ၀၃၂၂၈
တရုတ် (ယွမ်)	၆. ၃၀၉၇၂	၀. ၁၅၈၄၉
အိန္ဒိယ (ရူပီး)	၄၉. ၀၆၀၀	၀. ၀၂၀၃၈
မလေးရှား (ရင်းဂစ်)	၃. ၀၁၂၄၀	၀. ၃၃၁၉၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၀၉၀	၀. ၇၉၉၄၃
ဂျပန် (ယန်း)	၇၆. ၆၆၀၁	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၁၁၈. ၅၄	၀. ၀၀၀၈၉
ယူရို	၀. ၇၆၆၃၇	၁. ၃၀၄၈၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၄၅၈	၁. ၅၇၅၈၄

အင်တာနက်။

အထက(၅)ဗိုလ်တထောင် ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မှ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့)တွင် ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၇း၁၅ ၂။ ဓမ္မပူဇာတေး
၇း၂၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၅ ၄။ အေးချမ်းသာယာ ပြည်မြန်မာ
၇း၃၅ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၁၀ ၁။ မျိုးချစ်တပ်မတော်
၄း၁၅ ၂။ ရှေးဟောင်းသုတ
၄း၂၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၄။ လျှပ်တစ်ပြက်
၄း၄၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၅၀ ၆။ အေးချမ်းသာယာ ပြည်မြန်မာ
၅း၀၀ ၇။ အမျိုးသားရေးတေးကဗျာ
၅း၁၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၇၈)**
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ Guide For You
၆း၃၀ ၁၂။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန် (အပိုင်း-၁၄)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဟာသရုပ်စုံ
၁၆။ သီချင်းလက်ဆောင်
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၃)**
၁၉။ Mini Series

ဖျာပုံမြို့နယ် မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၆

ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးဝေဇင်၊ ကျုံကူကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးသောင်းညွှန့် (မြို့နယ်သတင်းထောက်)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့ တက်ရောက်ပြီး ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၁၆၈)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ တတိယတန်းမှ စတုတ္ထတန်းအထိ နှစ်နှစ်ဆက်တိုက် ပထမဆုရရှိသော မဇူလိုင်မျိုးကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မွန်မြတ်သည့် စိတ်ထား၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံနိုင်မှုရှိပါမှ လုပ်ငန်းအောင်မြင်နိုင်မည် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် နှုတ်ခွန်းဆက်စကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၆

မန္တလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ယမန်နေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီးသည် ဆွမ်းဦးပုညရှင် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာရည်တို့ကို ဆက်ကပ်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးသည် စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အားပေး၍ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ အမျိုးသမီးများ လူမှုရေးဆိုင်ရာအသင်းအဖွဲ့(၂)ခုနှင့် လာရောက်တွေ့ဆုံရခြင်းမှာ ဤအသင်း အဖွဲ့များ၏ လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာရန်၊ အကြံဉာဏ်ပေးနိုင်သည်များ ရှိပါကလည်းပေးရန်၊ စိတ်ဓာတ်ရေးရာကိုလည်း မြှင့်တင်ပေးရန် လာရောက်ခြင်းပင် ဖြစ်ပါကြောင်း။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများသည် မိမိတို့ အမျိုးသမီးထုအားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအပြင် အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုစုပျိုးထောင်ရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင် စောင့်ရှောက်လမ်းညွှန်ရေး စသည့်လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါကြောင်း။

ယင်းသို့သော အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်လှသော လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမှာ မွန်မြတ်သည့် စိတ်ထား၊ စေတနာ၊ ဝါသနာ၊ အနစ်နာ ခံနိုင်မှုရှိပါမှ လုပ်ငန်းအောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်ကာလများက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများကို အောင်မြင်အောင် ကြီးမားသည့် စေတနာဖြင့် အနစ်နာခံဆောင်ရွက်ခဲ့ကြသူများအားလုံးကို ဗဟိုအမျိုးသမီးအဆင့် ကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

ရှေ့ဆက်ပြီးလည်း အထက်ပါအမျိုးသမီးများနှင့် သက်ဆိုင်သည့် လုပ်ငန်းနယ်ပယ်များကို ဆက်လက်လုပ်ဆောင်သည့်အခါ စေတနာနှင့် အနစ်နာခံမှုကို အရင်းခံပြီး စည်းစည်းလုံးလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

ထို့ကြောင့် ယခု စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တွင် ဖြေရှင်းရခက်သည့် အခက်အခဲရှိခဲ့လျှင်လည်း ဗဟိုအဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့နှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စွမ်းရည်က တိုင်းဒေသကြီးအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲမှုလျှော့ချမှု လုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်မှု၊ အသင်းဝင်အင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ် ၁၀ သိန်းစီကို ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးနှင့် အဖွဲ့သည် အဆိုပါရုံးအတွင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ဖွင့်လှစ်ထားသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့နယ်ရှိ ဦးဘမင် ငွေထည်ပစ္စည်း ရောင်းဝယ်ရေးဆိုင်နှင့် အလုပ်ရုံ၊ ရွှေလမင်း ကျောက်ပုတီး လုပ်ငန်းနှင့် အလုပ်ရုံနှင့် သစ္စာရှင် ကြိမ်ထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ထောက်ပံ့ငွေများ ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် စစ်ကိုင်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

သတင်းသမားများ အချိန်နှင့်တစ်ပြေးညီ ကူးယူနိုင်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့ပြင် အခမ်းအနား အပြင်အဆင်များကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာဖြင့် အနုပညာရှင်များအတွက် ကော်ဇောလျှောက်လမ်းများ၊ ဓာတ်ပုံရိုက်ကူးရန်နေရာများ၊ ၂၀၁၀ ခုနှစ်အတွင်း အကျုံးဝင်သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများပြသရာ ဒစ်ဂျစ်တယ်ကော်နာများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကူအညီဖြင့် ဖန်တီးထားသော မြန်မာမှုဒီဇိုင်းအပြင်အဆင်များ စသည်တို့ကို စနစ်တကျ ထည့်သွင်းထားပြီး မုခ်ဦးအပြင်အဆင်များ၊ အကာအရံများ၊ လုံခြုံရေးစနစ်များကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရှိရသည်။ ဖျော်ဖြေရေးအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဆိုင်းဝိုင်း၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုတော်များ၊ Forever Blossom Co., Ltd. က စီစဉ်ထားသော အဆိုတော်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ မင်းသား မင်းသမီးများက ညနေ ၅ နာရီမှ စတင်ကာ ဖျော်ဖြေရေးစင်မြင့် အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် အသုံးပြုမည့် Digital Mapping စနစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီ တပ်ဆင်ထားသော Projector များကို အသုံးပြုထည့်သွင်းပြသသွားမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ပြကွက်များကိုလည်း အရည်အသွေးမြင့် LED ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသွားမည်ဖြစ်ပြီး စင်မြင့်အလင်းပေးမှု နည်းပညာများကိုလည်း နောက်ဆုံးပေါ် LED မီးအလင်းပေးစနစ်များဖြင့် တင်ဆက်သွားမည် ဖြစ်သည်။

ယခုနှစ်တွင် ထူးခြားမှုတစ်ရပ်အနေဖြင့် ဖွင့်ပွဲအခမ်းအနားကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ MRTV-4 (Free To Air)၊ Myanmar International Channel နှင့် Skynet up to Date Channel တို့မှ အခမ်းအနား စတင်ကျင်းပချိန်မှစ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာလွန်းစာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ မွေးရာဇာတိဖြစ်သော မီးလောင်အုပ်စု ဝါးလည်ကျေးရွာ၌ ဆရာလွန်း စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ဆောက်လုပ်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအကြောင်းနှင့် လှူဒါန်းရခြင်း အကြောင်းကို လည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ပထမအကြိမ်မတည်လှူဒါန်းငွေ ကျပ် ၁၀ သိန်းနှင့် စာအုပ်မျိုးစုံ ၄၀၀၊ မီးလောင်အုပ်စု ဝါးလည်ရွာပြည်သူများက ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ ဘုရင့်နောင်(ယ-၅) အောင်သပြေလမ်းနေ နယူးလုပ်သားကုန်စည်ပို့ဆောင်ရေးပိုင်ရှင် ဦးသိန်းငွေး၊ ဒေါ်ခင်စောမူ မိသားစုက ငွေကျပ် သုံးသိန်း၊ ဗီရို တစ်လုံး၊ သစ်သားထိုင်ခုံ နှစ်လုံးနှင့် ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၇၀၊ ရွှေတောင်မြို့ လယ်တီပိဋကတ်စာကြည့်တိုက် ကော်မတီက ငွေကျပ် နှစ်သိန်း၊ ရွှေတောင်မြို့ ကားလေးယာဉ်အသင်းက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်ကြည်(မြတ်ချယ်စာပေ)က စာအုပ်မျိုးစုံ ၂၀၀ နှင့် ဦးအေးငြိမ်း(မြတ်ဗုဒ္ဓ၏ အခမဲ့နာရေးကူညီမှုအသင်း)က စာအုပ်မျိုးစုံ ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်မှာ အလျားပေ ၂၀၊ အနံပေ ၃၀ အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ၆၂ သိန်းဖြစ်သည်။ စာကြည့်တိုက်အောင်မြင်စွာ ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များ အနေဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဖုန်း ၀၁-၃၉၈၇၅၆၊ ၀၉-၅၁၂၄၅၂၁နှင့် ၀၉-၅၁၇၂၇၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၂-၂၀၁၂ (အင်္ဂါနေ့)

[၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
- ၈:၁၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၅။ International News
- ၈:၃၅ ၆။ "သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် သီတဂူဩဝါဒပါတိမောက် အခါတော်နေ့တရားတော်"

ညပိုင်း

- ၄:၃၅ ၁။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၅ ၂။ တေးဂီတအစီအစဉ်
- ၅:၀၀ ၃။ ၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၈:၀၀ ၄။ ပြည်တွင်းသတင်း
- ၅။ ၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

စပါးရောင်းချမှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာ၌ တောင်သူလယ်သမားများက နိုင်ငံတော် အရန်ဆန်ဝယ်ယူရေးကော်မတီသို့ စပါးရောင်းချနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အရန်ဆန်ဝယ်ယူရေးလုပ်ငန်းကော်မတီများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယသမ္မတသည် ပင်လုံခန်းမရှိ တက္ကသိုလ်နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပြခန်း၊ တက္ကသိုလ် ပြတိုက်နှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်မှဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ (၁၀၀) ကျော်သည် လွန်ခဲ့သောနှစ်ပေါင်းရာ၊ ထောင်ချီပြီး တောင်ပေါ် မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ သို့ရာတွင် လွတ်လပ်ရေးရပြီး နောက်ပိုင်း အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံရေးအရငြင်းကြခုံကြပြီး နောက်ဆုံး စစ်ရေးပဋိပက္ခများအထိ ဖြစ်လာခဲ့ရာ ရာစုနှစ်ထက်ဝက်ကျော်ကြာလာခဲ့ကြောင်း။

စစ်ရေးပဋိပက္ခမှာ ပြည်မမှာထက် ပြည်နယ် နယ်စပ်ဒေသများတွင် ပိုမို အရှိန်အဟုန်ပြင်းထန်ပြီး ပိုမိုကြာရှည်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများမှာ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ ရောဂါထူပြောခြင်း စသည်ဖြင့် ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်စသော အားလုံးလက်တွဲပြီး အားကြိုးမာန်တက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ရမည့်အစား တိုင်းရင်းသား ညီအစ်ကို အချင်းချင်း တိုက်ကြခိုက်ကြသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံဘဏ္ဍာတော်ငွေ အရင်းအနှီးများကို နိုင်ငံ၏စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ရေရှည်မျှော်မှန်းပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးတို့အတွက် အထူးလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးများတွင် နယ်စပ်ဒေသမှ တိုင်းရင်းသားများ၏ မျိုးဆက်သစ်များလည်း ပါဝင်ဆောင်ရွက်လာနိုင်အောင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ကောလိပ်များ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဒို့တာဝန်အရေး(၃)ပါးကို သိရှိနားလည် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်အပြင် မိမိဒေသကို ပြန်ရောက်သည့်အခါ ဒေသအကျိုး တိုင်းပြည်အကျိုးသယ်ပိုးထမ်းရွက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်နံတစ်လျားတွင် နေထိုင်ကြသည့် နယ်စပ်ဒေသတိုင်းရင်းသား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကပ်သုံးပါးလုံးနှင့် ရင်ဆိုင်ကြရကြောင်း။

နယ်စပ်ဒေသ ပဋိပက္ခဆိုးကျိုးများကို ပြည်မမြေပြန့်ဒေသမှ ပြည်သူများလည်း သွယ်ဝိုက်သောနည်းဖြင့် ခံစားခဲ့ကြရပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လွတ်လပ်ရေးရပြီးသည့်အခါ တိုင်းပြည်၏ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးနောက်ကျမှုနှင့် အတူ အခြေခံအဆောက်အအုံများ ယိုယွင်းနောက်ကျပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများက အမြော်အမြင်ကြီးမားစွာဖြင့် ဖွင့်လှစ်ပြီး တိုင်းရင်းသားလူငယ်များအား လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက နားလည်သဘောပေါက်ပြီး တန်းတူရည်တူချစ်ကြည်ရင်းနှီးကြခြင်းဖြင့် လူငယ်များအား ယခုကဲ့သို့ သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ပါကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တက္ကသိုလ်၊ ကောလိပ်များတွင် ၁၉၆၄ ခုနှစ်မှစပြီး ၂၀၁၁ ခုနှစ်အထိ သင်တန်းအလိုက် ဘွဲ့ရနှင့် သင်တန်းဆင်းဦးရေမှာ ၁၂၁၀၄ ဦးရှိခဲ့ပြီဖြစ်ပါကြောင်း၊ သင်တန်းဆင်း တိုင်းရင်းသားလူငယ်များ သင်တန်းတက်ရောက်ကာလ အတောအတွင်း စားဝတ်နေရေး၊ သင်ကြားရေး အစစအရာရာကို နိုင်ငံတော်က ကျခံသုံးစွဲ လေ့ကျင့် သင်ကြားပေးနေသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးတရားသည် လွန်စွာမှကြီးမားလှသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သင်တန်းဆင်းများ၊ သင်တန်းတက်နေကြသည့် တိုင်းရင်းသား လူငယ်များအားလုံးတို့သည် နိုင်ငံတော်၏ ပြုစုပျိုးထောင်မှု ကျေးဇူးတရားကို ရှေးရှုလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ကတိတည်တည်ဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ရောက်ရာအရပ်မှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်လေးစုံ၊ IGE ကုမ္ပဏီဥက္ကဌ ဦးနေအောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ် ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်း ကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေး ခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ငွေကျပ်သိန်း ၁၀၀ နှင့် သော်တာဝင်းကုမ္ပဏီလီမိတက်မှ ဦးနေဝင်းကျော်က ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အား ဒို့တာဝန်အရေး (၃)ပါးကို ထိန်းသိမ်းလိုက်နာစောင့် ရှောက်မည့် ပညာရေးဝန်ထမ်း၊ ဒေသ ဖွံ့ဖြိုးရေး ခေါင်းဆောင်ငယ်များအား လေ့ကျင့် ပျိုးထောင်ပေးရန် ရည်ရွယ်၍ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စစ်ကိုင်းမြို့၌ စတင် ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လက်ရှိတည်နေရာ ရွာသစ်ကြီးသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် နိုင်ငံတော်က တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

တက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းနှင့် အလယ်တန်းဆရာအတတ်သင်တန်းတို့ကို ဖွင့်လှစ်ပေးလျက်ရှိပြီး စတင်ဖွင့်လှစ်ချိန်မှ ၂၀၁၁ ခုနှစ် မတ်လအထိ မဟာဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာ ဒီပလိုမာနှင့် သင်တန်းဆင်းဦးရေ စုစုပေါင်း ၁၂၁၀၄ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြပြီး ရွှေကြွယ်ပုံ ကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းရှိ Computer & Audio Visual Room၊ Language Lab နှင့် Laboratory တို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါကျေးရွာသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီ လီမိတက်က Sky Net ရုပ်သံဖမ်းစက် နှစ်စုံ၊ အလှူရှင်များက ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ကွန်ပျူတာ ၁၀ လုံးတို့ကို လှူဒါန်းခဲ့ကြသည်။

ထို့မှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြပြီး ဒုတိယသမ္မတနှင့်ဇနီးတို့က စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် အစိုးရနည်းပညာ ကောလိပ်(စစ်ကိုင်း)၊ အမှတ်(၃) အခြေခံ ပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်တို့သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ် သည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ သမဝါယမကောလိပ် (စစ်ကိုင်း)၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် စစ်ကိုင်း ပညာရေးကောလိပ်တို့သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ လူနာဆောင်နှင့် ခွဲစိတ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါဆေးရုံကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဒုတိယသမ္မတသည် ညနေပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳

❋ **စာမျက်နှာ ၄ မှ**

တွေ့ဆုံပွဲတွင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖနှစ်ဦးတို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဒေသအခြေအနေနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတော်အစိုးရကိုယ်စား ရောက်ရှိလာခြင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများကို ကြည့်ရှုလေ့လာနိုင်ရန်နှင့် လိုအပ်ချက်များကို မျှဝေပံ့ပိုးပေးနိုင်ရန် ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၏ ယခင်မြို့တော်ဖြစ်ခဲ့ဖူးသည့် စစ်ကိုင်းမြို့သည် တည်နေရာပထဝီအနေအထား အရရော လယ်ယာထွက်ကုန်ပစ္စည်းများ တစ်နိုင်ငံလုံး ဖြန့်ပို့နိုင်မှုနှင့် သမိုင်းဝင်စစ်ကိုင်းတောင်ရိုးစေတီပုထိုးများနှင့်အတူ ခေတ်အဆက်ဆက်ကတည်းက နာမည်ကျော်ကြား လူသိများသည့် ဒေသကြီးတစ်ခုဖြစ်ပါကြောင်း။

အခြားသောဒေသများတွင် ဧရာဝတီမြစ်ကူးတံတားတစ်စင်း ဆောက်နိုင်ရန် အစွမ်းကုန်ကြိုးစားနေရသည့် အချိန်တွင် စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ကူးတံတားကြီး နှစ်စင်းရှိနေခြင်းသည် ထူးခြားချက်ဟု ဆိုရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် လူသားအရင်းအမြစ်ဖြစ်သည့် ပညာတတ်များ၊ အသိပညာရှင် အတတ်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်ရာဌာနကြီးဖြစ်သည့် အမျိုးသားပညာရေးကော်မတီလက်အောက် လုပ်ငန်းများ အောင်မြင်အောင်၊ အထူးအာရုံစိုက်ပြီး ကောင်းသည်ထက် ကောင်းအောင် နည်းလမ်းပေါင်းစုံ ရှာကြံဆောင်ရွက်ပေးနေကြောင်း။

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့၏ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုလျှင် လူဦးရေစုစုပေါင်း ၂၇၀၀၀၀ ကျော်ရှိပြီး အခြေခံပညာရေးအနေဖြင့် ထက်၊ လယ်၊ မူ ကျောင်းမျိုးစုံ စုစုပေါင်း ၂၀၀ ကျော်တွင် ကျောင်းသား ကျောင်းသူပေါင်း ခုနစ်သောင်းခန့်ရှိပြီး ဆရာ ဆရာမပေါင်း သုံးထောင်ကျော်ရှိကြောင်း၊ ထို့ကြောင့် ဆရာ/ကျောင်းသား(၁း၂၁) အချိုးဖြင့် သင်ကြားပေးနေသည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မှာ ၃၀-၄၀ ရာခိုင်နှုန်းကြားရှိသည့်အတွက် ယေဘုယျအားဖြင့် အသင့်အတင့်အောင်မြင်မှုရှိသည်ကို တွေ့ရကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ သမဝါယမကောလိပ်၊ နည်းပညာကောလိပ် တစ်ခုစီရှိနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အစိုးရက အဆင့်မြင့်ပညာသင် ကျောင်းသား ကျောင်းသူများ၊ မိမိဒေသအတွင်း အိုးမကွာ အိမ်မကွာ ပညာသင်ကြားနိုင်စေရန်အတွက် ဒေသအတွင်း ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံကျောင်းသား ၈၀၀၀ ဖြစ် (sanction) ချပေးထားသည့် မုံရွာတက္ကသိုလ်တွင် လက်ရှိတက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၁၆၇၉ ဦးဖြင့် စာသင်ကြားနေရသည့် ဝန်ထုပ်ဝန်ပိုးပြဿနာကို ဖြေလျှော့နိုင်ရန် လူဦးရေ ငါးသိန်းရှိသည့် စစ်ကိုင်းခရိုင်သည် လက်ရှိတက္ကသိုလ်၊ ကောလိပ်များနှင့် ရောင့်ရဲတင်းတိမ်မနေကြဘဲ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်မျိုးတစ်ခုပေါ်ထွက်လာနိုင်အောင် ဒေသခံပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ကြိုးစားအားထုတ်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘက်ကိုသာ အားကိုးအားထားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တိုင်းဒေသကြီးအစိုးရနှင့် စစ်ကိုင်းခရိုင် ပြည်သူများက ရပ်ပိုင်းဆိုင်ရာတချို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပါက ပိုမိုလျင်မြန်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘက်ကလည်း လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

အလားတူ အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကိုလည်း ပညာရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုအတတ်နိုင်ဆုံး ကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူလေးများအား သင်ကြားလေ့ကျင့်ပေးကြရာတွင် ယခင်ကကဲ့သို့ အလွတ်ကျက်မှတ်နည်းမျိုး တစ်ခုတည်းကိုသာအားကိုးပြီး သင်ကြားနေခြင်းမျိုးမဟုတ်ဘဲ ယခုခေတ် လိုအပ်သည့်-

- ကလေးဗဟိုပြု သင်ကြားနည်းဖြင့် သင်ကြားရန်၊
- အင်္ဂလိပ်စာ၊ စကားကို ဂရုပြုသင်ကြားရန်၊
- အကျင့်စာရိတ္တ-ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်လာရေးသင်ကြားရန်၊
- ကျန်းမာရေး-ဗဟုသုတရရှိရေး၊ စိုက်ပျိုးရေး သဘောတရားနားလည်စေရေး သင်ကြားရန်၊
- ပတ်ဝန်းကျင်ထိန်းသိမ်းမှု အလေ့အထများစွဲမြဲစေရန် သင်ကြားပေးရမည်ဖြစ်ပြီး ဆရာ ဆရာမများကိုယ်တိုင် အရည်အသွေးမြင့်နေစေရန် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်နေပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းနိုင်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာစနစ်ကို တည်ဆောက်ပေးသွားမည်ဖြစ်သကဲ့သို့ ပြည်သူများ ပါဝင်ဖွဲ့စည်းထားသည့် ကျောင်းသားမိဘ ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့် ပြည်သူများဘက်ကလည်း ကိုယ့်ဒေသကျောင်းတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်မှသာလျှင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရာတွင် လျင်မြန်လွယ်ကူခြင်း၊ လုပ်သားရှားပါးမှုပြဿနာဖြေရှင်းနိုင်ခြင်း၊ အလေအလွင့်လျော့နည်းခြင်း၊ ထွက်ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရရှိခြင်းစသည့် ကောင်းကျိုးများကို ခံစားနိုင်ပြီး တောင်သူလယ်သမားများ၏ လူမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

သို့သော် စိုက်ပျိုးရေးလုပ်ငန်းသည် ပြည်သူလူထုတစ်ဦးချင်းကိုရော တိုင်းပြည်ကိုပါ ချမ်းသာဖွံ့ဖြိုးမှု ရောက်အောင် မပို့ဆောင်နိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်လျှင် ကဏ္ဍကြီး (၃)ရပ် ရှိကြောင်း

(၁) စိုက်ပျိုးရေးကဏ္ဍ

(၂) စက်မှုကဏ္ဍ

(၃) ဝန်ဆောင်မှုကဏ္ဍတို့ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို ကြည့်မည်ဆိုလျှင် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကသာ အဓိကထား မြင့်မားနေကြပြီး စိုက်ပျိုးရေးကဏ္ဍသည် ၁၀-၂၀ ရာခိုင်နှုန်းမျှသာပါဝင်သည်ကို တွေ့ရသည့်အတွက် ယင်းကဏ္ဍနှစ်ခု တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို မြှင့်တင်လိုပါက ပြည်သူလူထု၏ ပညာစွမ်းရည်မြင့်မားရန်လိုသည့်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရာဖြစ်သည့် ပညာရေးကဏ္ဍမှ ထူးခြားတိုးတက်မြင့်မားလာရန် အထူးလိုအပ်ကြောင်း။

လူသားတို့၏ စွမ်းရည်ပညာနှင့် အလုပ်လုပ်၍ ရရှိလာသော အကျိုးအမြတ်များသည် သဘာဝသယံဇာတကို အားကိုးပြီး ထုတ်လုပ်သည့် အကျိုးအမြတ်ထက် အဆပေါင်းများစွာ သာလွန်ပြီး စဉ်ဆက်မပြတ် သက်တမ်းကြာရှည်သုံးစွဲနိုင်သည့် အခွင့်အလမ်းရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရင်းခံဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ရာ ပညာတတ်များအား မွေးထုတ်ပေးရာ ပညာရေးကဏ္ဍမြင့်မားနိုင်အောင် အားလုံးဝိုင်းဝန်းရွက်ဆောင်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ် (စစ်ကိုင်း)၊ သမဝါယမကောလိပ်(စစ်ကိုင်း)၊ စစ်ကိုင်းပညာရေးကောလိပ်၊ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတို့အတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် ၁၆ စုံ၊ စီးပွားရေးလုပ်ငန်းရှင်များက တက္ကသိုလ်၊ ကောလိပ်များနှင့် အထက်တန်းကျောင်းများ အတွက် တစ်ကျောင်းလျှင် ကွန်ပျူတာဝယ်ယူရန် ငွေကျပ်သိန်း ၅၀ နှင့် ကျောင်းရန်ပုံငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၁၅၀ စီနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၅၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၅၅၀ ကို လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတောင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က စစ်ကိုင်းမြို့တွင်းလမ်း(၁၈)လမ်း ပြုပြင်ထိန်းသိမ်းရန်အတွက် တစ်လမ်းလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)ရုံးသို့ ရောက်ရှိရာ အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့် အေးအေးခိုင် ကျောက်မျက်ရတနာကုမ္ပဏီမှ ဦးစိုးနိုင်တို့က စစ်ကိုင်းမြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းပညာရေးကောလိပ်၌ ဆရာ ဆရာမများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ပဉ္စမအကြိမ် မြန်မာ့ရိုးရာထမနဲပွဲတော် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရွှေတိဂုံစေတီတော် ၁၃၇၃ခုနှစ် ပဉ္စမအကြိမ် မြန်မာ့ရိုးရာ ထမနဲပွဲတော် (ထမနဲထိုးပြိုင်ပွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် အရှေ့ဘက်အောက်ပစ္စယာထန်းပင်ကုန်းကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ရွှေတိဂုံစေတီတော်ဘက်စုံ တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ကန်ထရိုက်လုပ်ငန်းရှင်များ၊ မိတ်ဖက်အသင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဒေါက်တာတင်သိန်းလွင်က အဖွင့်မင်္ဂလာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဒေါက်တာတင်သိန်းလွင်တို့က အခမ်းအနားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသည့် အသင်းများအား ဆုငွေနှင့် ဆုကလပ်တို့ကို ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက အလှည့်ကျပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမော်သန်းက Module 14- Investments in Associates ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/ ၄၁) လမ်း ၅၀ (အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့အကျိုးစီးပွား အနာဂတ်ဟိုတယ်နှင့်ခရီးသွား

ကိုလေး(မြောင်းမြ)

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ရှိသည့်အနက် ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်ဦးရေ ၉၃၅ သန်းကျော်သည် ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးတွင် ခရီးလှည့်လည်သွားလာခဲ့ကြကြောင်း၊ အဆိုပါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်အထိ ရှိခဲ့ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization)၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ထို့အပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် စီးပွားရေး အကျပ်အတည်း၊ သဘာဝဘေးဒဏ်၊ ကပ်ရောဂါဆိုး စသည်ဖြင့် ကြုံတွေ့ခဲ့ရသည့် နှစ်များမှလွဲ၍ နှစ်စဉ်နှစ်တိုင်း ဆုတ်ယုတ်ကျဆင်းမှုမရှိဘဲ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရသည်။

ယနေ့ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများကိုကြည့်လျှင် အဆိုပါနိုင်ငံများ၏ ခရီးသွားလုပ်ငန်းသည် အထူးအောင်မြင်ဖွံ့ဖြိုးနေသည်ကို တွေ့ရမည်ဖြစ်ပြီး ၎င်းဖွံ့ဖြိုးမှုကပင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားကောင်းသော ထောက်ကူမှုတစ်ရပ်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ စီးပွားရေးကျဆင်းနေချိန်များတွင် စီးပွားရေးအခြေအနေ ပြန်လည်ဦးမော့လာစေရန်အတွက် လည်းကောင်း၊ လူဦးရေအလွန်များပြားသော တိုင်းပြည်များတွင် စီးပွားရေး ဖူလုံမှုရှိစေရန်အတွက် လည်းကောင်း၊ ခရီးသွားလုပ်ငန်းကို အထူးအားပေးဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ရေရှည်ရှင်သန်သွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူပြီးနောက် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရေးအတွက် မေခရို စီးပွားရေးမူဝါဒမြှင့်တင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်ပြင်ဆင်နေချိန်တွင် အနာဂတ်ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာသည်။

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအပါအဝင် မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးတစ်ရပ်လုံး ဟန်ချက်ညီညီ လှုပ်ရှားဆောင်ရွက်သွားပါမှ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများကို အချိန်တိုအတွင်း ထိရောက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

"ခရီးသွားလုပ်ငန်း"သည် ဝန်ဆောင်မှု (Service)ပေးရသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အခြားလုပ်ငန်း၊ ဌာနများနှင့် ဆက်စပ်ရောယှက်ကာ ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းအမျိုးအစားဖြစ်သည်။ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေဆိုသည်မှာလည်း ဟိုတယ်၊ ပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း အရောင်းဆိုင် စသည့် ဆက်စပ်လုပ်ငန်းတို့မှရရှိသော ဝင်ငွေများပင်ဖြစ်သည်။ တစ်ဖန် အဆိုပါ လုပ်ငန်းများမှတစ်ဆင့် ဆက်နွှယ်၍ အစားအစာ၊ အသီးအနှံ၊ အဖျော်ယမကာ၊ အမှတ်တရပစ္စည်းထုတ်လုပ်သူများ၊ တည်းခိုနေထိုင်ရန် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ အဆောက်အအုံများ တည်ဆောက်ရေးတွင် ပါဝင်လုပ်ကိုင်ကြရသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ကျွမ်းကျင်လုပ်သားများ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် ယာဉ်မောင်းများ၊ စက်ပြင်များ၊ စက်သုံးဆီ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာဝန်ထမ်းများ စသည်ဖြင့် နိုင်ငံအတွင်း ပျံ့နှံ့လုပ်ကိုင်နေကြသော လူထုလူတန်းစား၊ အလွှာအသီးသီးအတွင်းသို့ ဝင်ငွေများဖြန့်ခွဲ၊ စိမ့်ဝင်၊ စီးဆင်းသွားပြီး ပြည်သူလူထုအား အမြန်ဆုံးနှင့် တိုက်ရိုက်အကျိုးဖြစ်ထွန်းခံစားစေနိုင်သည့် ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရုံသာမက နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ပြနိုင်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာခြင်းနှင့် နိုင်ငံအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ဖန်တီးပေးနိုင်ခြင်းများကြောင့် ဆင့်ပွားအကျိုးသက်ရောက်မှု (Multiplier Effect)ကို ရရှိခံစားစေနိုင်မည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်များနှင့်အညီ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို စိစစ်ပြီးလုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုပေးခဲ့ရာ ၃၁-၁၂-၂၀၁၁ နေ့အထိ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်အရေအတွက် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

လုပ်ငန်းအမျိုးအစား	အရေအတွက်	မှတ်ချက်
ခရီးလှည့်လည်ရေးလုပ်ငန်း	၇၅၉	နိုင်ငံခြားကုမ္ပဏီ-၁၊ ဖက်စပ်-၁၅ အပါအဝင်
ဧည့်လမ်းညွှန်လုပ်ငန်း	၃၁၆၀	
ဟိုတယ်လုပ်ငန်းနှင့်တည်းခိုရိပ်သာလုပ်ငန်း	၇၃၁	FDI-၃၂၊JV-၄ အပါအဝင်
ခရီးသွားလာသူများပို့ဆောင်ရေးလုပ်ငန်း	၁၇၈	Hot Air Baloon-၁၊ အပါအဝင်

မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ရာ နှစ်စဉ် နိုင်ငံခြားဝင်ငွေကို တိုးမြှင့်ရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ပြည့်နှစ်အထိ ၁၂ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ပြည်ပဧည့်သည် အရေအတွက်နှင့် ဝန်ကြီးဌာနမှ ရရှိခဲ့သော နိုင်ငံခြားဝင်ငွေအခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရသည် -

ခုနှစ်	ဧည့်သည်အရေအတွက်	ဝင်ငွေအမေရိကန်ဒေါ်လာ(သန်းပေါင်း)
၂၀၀၀	၄၁၆၃၄၄	၈၄
၂၀၀၁	၄၇၅၁၀၆	၉၀
၂၀၀၂	၄၈၇၄၉၀	၉၉
၂၀၀၃	၅၉၇၀၁၅	၁၁၆
၂၀၀၄	၆၅၆၉၁၀	၁၃၆
၂၀၀၅	၆၆၀၂၀၆	၁၅၃
၂၀၀၆	၆၃၀၀၆၁	၁၆၄
၂၀၀၇	၇၁၆၄၃၄	၁၈၂
၂၀၀၈	၇၃၁၂၃၀	၁၆၅
၂၀၀၉	၇၆၂၅၄၇	၁၉၆
၂၀၁၀	၇၉၁၅၀၅	၂၅၄
၂၀၁၁	၈၁၆၃၆၉	၃၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သည့် အာဆီယံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း (ASEAN)၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ် (GMS)၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု (CLMV)၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု(CLMTV)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(BIMSTEC)၊ အာဆီယံ-ဂျပန်ဗဟိုဌာန (AJC)၊ အာဆီယံ-ကိုရီးယားဗဟိုဌာန(AKC)၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့(PATA)နှင့် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်(AFAS)တို့နှင့် ဆက်စပ်၍လည်း ခရီးသွားလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product) တွက်ချက်ရာ၌ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတစ်ခုလုံး၏ ထုတ်လုပ်မှုတန်ဖိုးကို **ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ**အောက်ရှိ (၁) နိုင်ငံပိုင်ကဏ္ဍ၊ (၂) သမဝါယမပိုင်ကဏ္ဍ၊ (၃) ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ပါဝင်သည့်လုပ်ငန်းများနှင့်အတူ ထည့်သွင်းတွက်ချက်ကြောင်း သိရှိရပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် **ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏** GDP တန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၆၁၄၉၂ ဒသမ ၉ ဖြစ်ပြီး တစ်မျိုးသားလုံး၏ GDP တွင် ပါဝင်မှုအချိုးရာခိုင်နှုန်းမှာ ၁ ဒသမ ၇ ဖြစ်ပါသည်။ သို့ဖြစ်၍ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးအနေဖြင့် GDP တွင် ပါဝင်မှုအချိုးမှာ ကိန်းပြည့် ၁ ဂဏန်းအောက်တွင်သာ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းရရှိပါသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ဝင်ရောက်မှု ပိုမိုတိုးတက်စေရန်နှင့် သွားလာလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများကို ညှိနှိုင်းပြင်ဆင် ပြဋ္ဌာန်းပေးရန်ကိစ္စနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်ပြီး ဝန်ကြီးဌာန ၁၃ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သော နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာမူဝါဒများ (ပြဋ္ဌာန်းချက်များ၊ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ ဟိုတယ်အဆင့်အတန်းများ၊ သင်တန်းများ)ကိုလည်း တစ်ပြိုင်တည်း မြှင့်တင်သတ်မှတ်ပေးသွားရန်ကိစ္စနှင့် ပတ်သက်၍ လိုအပ်သည်များကို စိစစ်၊ လေ့လာ၊ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအတွက် ၁၉၉၀/၉၁ ခုနှစ်နှင့် ၁၉၉၃ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့သည့် ပြဋ္ဌာန်းချက်များအား လက်ရှိအသုံးပြုလျက်ရှိသဖြင့် ဆယ်စုနှစ် နှစ်ခုပြီးသည့်ကာလတွင် အဆိုပါ ပြဋ္ဌာန်းချက်များကို ပြောင်းလဲတိုးတက်လာသော အခြေအနေများနှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်လာသည်။ ထိုနည်းတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်သည်။

လက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် တည်ဆောက်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး၊ ကြန့်ကြာမှုများ မရှိစေရေး၊ ထပ်မံလာရောက်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများအတွက် အခြေအနေကောင်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေးတို့အတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ် မကြန့်ကြာစေရန် လည်းကောင်း၊ ဟိုတယ်စီမံကိန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ မကြန့်ကြာစေရန် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြေအသုံးချခ (Land Use Premium)၊ မြေငှားရမ်းခ (Land Lease) နှင့် မြေငှားကာလသတ်မှတ်ချက် စသည်များကို ဖြေလျှော့သတ်မှတ်ပေးရန်အတွက် လည်းကောင်း လိုအပ်သည်များကို စိစစ်ပြင်ဆင်သတ်မှတ်ပေးသွားရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ ငွေကြေးသုံးစွဲမှု လွယ်ကူအဆင်ပြေစေရေးအတွက် လိုအပ်သည့်မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်မှုများဆောင်ရွက်ပေးရာတွင် အကြွေးဝယ်ယူခွင့်ကတ် (Credit Card)များ သုံးစွဲနိုင်ရေး၊ တရားဝင်နိုင်ငံခြားငွေများ လဲလှယ်နိုင်ရေးအတွက် (Money Changer) များ ဖွင့်လှစ်ထားရှိရေး၊ တရားဝင်ငွေလဲလှယ်နှုန်းအား လက်ရှိအခြေအနေများနှင့်အညီ ပြင်ဆင်သတ်မှတ်ပေးရေးတို့ကို ဆောင်ရွက်ပေးသွားရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်းမှ ပူးပေါင်းပါဝင်၍ တာဝန်ယူဆောင်ရွက်သွားနိုင်မည့် Public-Private Partnership အစီအစဉ်ကို ဖော်ဆောင်သွားရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်ပြီး ပြည်တွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဆက်စပ်လုပ်ငန်းရှင်များ စုစည်း၊ ညှိနှိုင်း၊ စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ အလွယ်တကူဝင်ရောက်နိုင်ရေး ကန့်သတ်နယ်မြေများ၊ သတ်မှတ်စည်းကမ်းချက်များ၊ ဈေးနှုန်းနှင့် အခွန်အခများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုအပ်သလို ဖြေလျှော့ပြင်ဆင်သတ်မှတ်ပေးရန် ဆက်စပ်ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါမည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း မေခရိုစီးပွားရေးမူဝါဒ မြှင့်တင်ရေးအတွက် အထောက်အကူပြုစေရန် မြန်မာနိုင်ငံအတွင်း သိရှိပြီးခရီးစဉ်ဒေသများဖြစ်သည့် ပုဂံ၊ မန္တလေး၊ အင်းလေး၊ ရန်ကုန်စသည်များအား အဆင့်မြှင့်တင်ခြင်း၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးဒေသများတွင် ဟိုတယ်ဇုန်အသစ်များ ထပ်မံဖော်ထုတ်ခြင်း အစီအစဉ်များကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကကျသော နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကောင်းမွန်ပြည့်စုံသော မူဝါဒနှင့် စီမံခန့်ခွဲမှုမရှိလျှင် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ခရီးသွားလုပ်ငန်းကို မြန်မာနိုင်ငံ တစ်ဝန်းရှိ ရေ မြေ တော၊ တောင် သဘာဝအလှအပများ၊ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဖော်ရွေပျူငှာသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ စသည့် အရင်းအမြစ်များကို စနစ်တကျအသုံးချ၍ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် လူထုလူတန်းစားအလွှာအသီးသီးသို့ ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို တိုက်ရိုက်ရရှိခံစားရမည်ဖြစ်သည်။ ထို့မှတစ်ဆင့် ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးကိုလည်း ထိရောက်စွာ ပံ့ပိုးပေးသွားနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် မေခရို စီးပွားရေးမူဝါဒ မြှင့်တင်ရေးဆိုင်ရာများကို စနစ်တကျနှင့် ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပါဝင်သည့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင် လုပ်ငန်းဌာနအသီးသီးတို့နှင့် ဟန်ချက်ညီညီ တက်ကြွစွာ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနှင့် တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်ခဲ့သည့် နှစ်ပေါင်း ၂၀ နီးပါးကာလအတွင်း ရရှိခဲ့သောအတွေ့အကြုံများ၊ ဗဟုသုတများ၊ လေ့လာတွေ့ရှိမှုများအပေါ် အခြေခံ၍ ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းတစ်လျှောက် အောင်မြင်မှုများပိုမိုရရှိစေရေးအတွက် ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များကို **"ပြည်သူ့အကျိုးစီးပွား အနာဂတ်ဟိုတယ်နှင့်ခရီးသွား"** အဖြစ် တင်ပြလိုက်ပါသည်။ ။

မြိတ်မြို့၌ စာကြည့်တိုက်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့မ(၂)ရပ်ကွက် စာပေအားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုနှင့် မြို့မ(၂)ရပ်ကွက် နာယက ဦးကွန်ဒက်တို့က စာပေအားမာန် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ စာကြည့်တိုက်ငွေပဒေသာပင်ရရှိရေး ဆွေးနွေးဟောပြောသည်။

ယင်းနောက် အလှူရှင်များက စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များကို လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်ကို ရပ်ကွက်ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၂၂ သိန်းဖြင့် ကွန်ကရစ်ခင်း၊ အုတ်၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံအဖြစ် ဆောက်လုပ်ခဲ့ပြီး စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် မြို့မ(၂)ရပ်ကွက်မှ ဦးထွန်းနိုင်-ဒေါ်ယုမြင့်တို့က ငွေပဒေသာပင် ငွေကျပ်နှစ်သိန်းကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် (A,B)Block ရပ်ကွက်အတွင်းရှိ ပျက်စီးချို့ယွင်းနေသောလမ်းများကို ဖြောင့်ဖြူးညီညာစွာ သွားလာနိုင်ရေးအတွက် အကျယ် ၁၂ ပေ၊ အရှည် ၁၀၁၅ ပေရှိ လမ်းပေါင်းရှစ်လမ်း တစ်ပြိုင်တည်း ကွန်ကရစ်ခင်းခြင်းကို အလှူရှင် ဦးအောင်ဝင်းနှင့် (IEG Company)ကန်ထရိုက်၊ ဦးကျော်နိုင်နှင့်အဖွဲ့ ဆောင်ရွက်စဉ်။
(၅၁၂)

ပြည်ထောင်စုဖွားတိုင်းရင်းသား တားဆီးကာကွယ်မီးရန်စွယ်

ဓနုတိုင်းရင်းသားမိသားစု ရိုးရာအစားအစာဧည့်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ ရိုးရာအစားအစာဧည့်ခံပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ် ရေတာရှည်လမ်းဟောင်းနှင့် ကြားတောရလမ်းထောင့်ရှိ ဓနုတိုင်းရင်းသားဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဖုန်း-၃၈၁၇၃၃သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် တွံတေးမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်း ထပ်မံဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် ကျောင်းသစ်ကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက အများပြည်သူ ရုံးပိတ်ရက်တွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းအား ဖြေလျှော့ဆောင်ရွက်ပေးသည့်စနစ်အတိုင်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇူလိုင်၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ လေး လတာကာလအတွင်း မိုးပွင့်အဆင့်(၁)စီမံချက်ဖြင့် တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးခြင်းလုပ်ငန်းအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယင်းကာလက ဆောင်ရွက်ပေးရန် ကျန်ရှိခဲ့သည့် ဒေသများကို အဓိကထားကာ ယခုမိုးပွင့် အဆင့်(၂)စီမံချက်ဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နှစ်လတာ သတ်မှတ်၍ ဖြေလျှော့နည်း စနစ်အတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ထပ်မံဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်၊ ပြည်သူများကလည်း ယင်းအိမ်ထောင်စုစာရင်းနှင့် ကတ်ပြားများ ပျက်စီးပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက်၌ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒေသခံပြည်သူများက ရပ်ကွက်၊ ကျေးရွာအရောက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်း ကွင်းဆင်း ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင် ဝမ်းမြောက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းပြောကြားကြရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အတွင်းရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား၏ (၁၀၇)နှစ်ပြည့် အကြိမ်(၄၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို ဘုရားရင်ပြင်တော်တွင် ဖေဖော်ဝါရီ ၂ ရက်မှ ၉ ရက်အထိ ရွတ်ဆိုပူဇော်မည် ဖြစ်ပြီး ဘုရားကြီး၏ ဂန္ဓကုဋီအာရုံခံ တန်ဆောင်းကြီးအတွင်းတွင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ညစဉ် ၇ နာရီ တွင် တရားပွဲ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်ပွဲအဖြစ် ဘုရားအမှူးပြုသော သံဃာတော်အပါး ၉၀အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၄ နာရီတွင် အရှေ့ရင်ပြင်လင်းလွန်းပင်ကျွန်း၊ အောင်မြေရင်ပြင်၊ အင်ကြင်းရင်ပြင်နှင့် ဝေဇယန္တာ ရေတံခွန်တော်အနီးတွင် နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ ၁၁ ရက် တာကာလအတွင်းတွင် ဆွမ်းတော်ကြီး တင်ပွဲပြုလုပ်၍ ဆွမ်း၊ သစ်သီး၊ မုန့်၊ အချိုရည်တို့ကိုလည်း ဆက်ကပ်လှူဒါန်း မည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ရန် ဂေါပကအဖွဲ့က နှိုးဆော်ထားရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ဈေးကွက်ဝင်ငါးနှင့် မွေးမြူနည်းစနစ် ပြောင်းလဲရန်လို

ရန်ကုန် ဖေဖော်ဝါရီ ၆

ငါးမွေးမြူသူများ ဈေးကွက်ပြန်လည်ဦးမော့လာချိန်တွင် အခွင့်ကောင်းယူနိုင်အောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန်လိုကြောင်း၊ မွေးမြူရေးကန်များ ပြန်လည် ပြင်ဆင်ခြင်းနှင့် ဈေးကွက်၌ လူကြိုက်များ ရေပန်းစားသည့် ငါးမျိုးပြောင်းလဲ မွေးမြူသွားရန်လိုကြောင်းဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ငါးမြစ်ချင်းငါးမှာ အရိုးများသည့်ငါးဖြစ်၍ လက်ဖြင့်စားသော အလေ့အထရှိသည့် အရှေ့အလယ်ပိုင်းဒေသ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများ ၌သာ အများဆုံးစားသုံးသဖြင့် ဈေးကွက်ချဲ့ထွင်ရန် အလားအလာနည်းပါးကြောင်း၊ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခုအခါ ငါးအကြီးအကျယ်မွေးမြူနေပြီဖြစ်ရာ မိမိနိုင်ငံထွက် ငါးမြစ်ချင်းငါးတင်ပို့မှု လျော့ကျလာမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဈေးကွက်ဝင်ငါးမျိုး ပြောင်းလဲမွေးမြူရန် လိုအပ်လာပြီး သုတေသနပြုချက်အရ ရှစ်ဧကအကျယ်ရှိ ကန်တစ်ကန်တွင် အလျား ၁၅ မီတာ၊ အနံ ခုနစ်မီတာ အမြင့် နှစ်မီတာရှိ လှောင်အိမ်ဖြင့် မွေးမြူပါက လှောင်အိမ် အလုံး ၃၀ ဆံ့ကြောင်း၊ လှောင်အိမ်တစ်လုံးချင်းစီတွင် တီလားပီးယား၊ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရေချိုပုစွန်၊ ရွှေဝါငါးကြင်းစသဖြင့် ဈေးကွက်ဝင်သည့် ငါး၊ ပုစွန်များကို ကန်တစ်ကန်တည်း၌ စုပေါင်းမွေးမြူနိုင်ကြောင်း သိရသည်။ (ညွန့်သန်း)

မြန်မာ-ဂျပန် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ Friendship Exchange Council မှ Vice Chairman Mr. Norio Yamaguchi **နှင့်အဖွဲ့သည် ယနေ့ နံနက် ၉နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေး ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ပြီး ကျေးလက် ကျန်းမာရေးနှင့် မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးကဲ့သို့ ကူးစက်တတ်ခြင်းမရှိသော ရောဂါများ ကာကွယ်ရေးလုပ်ငန်းများ၊ ယာဉ်တိုက်မှုနှင့် ထိခိုက်ဒဏ်ရာကာကွယ်ကုသရေး လုပ်ငန်းများ၊ဆေးရုံဆေးခန်းများ တိုးချဲ့ခြင်းနှင့် အရည်အသွေး မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် နည်းပညာ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့် လုပ်ငန်းများတွင် ကျွမ်းကျင်မှု အတွေ့အကြုံများ ပံ့ပိုးပေးရန်နှင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းရေးအတွက် ပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ Friendship Exchange Council မှ Vice Chairman Mr. Norio Yamaguchi **နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေးနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သာသနာရေးဝန်ကြီးဌာန (ရန်ကုန်) ရုံးခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက အမှာစကား ပြောကြားသည်။(ဝဲပုံ)

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး ၂၃၅ မှု၊ တရားခံ ၃၀၇ ဦး ဖမ်းဆီးအရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၅ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၃၃ မှု (အလေးချိန်၃၅၆ ဒသမ ၅၁၆၆ ကီလို)၊ ဘိန်းဖြူ ၈၄ မှု (အလေးချိန် ၁၁ ဒသမ ၀၀၃၁ ကီလို)၊ ဘိန်းဆီခဲ (အလေးချိန် ၀ ဒသမ ၀၅၃ ကီလို)၊ အဆင့်နိမ့်ဘိန်း ၅ မှု (အလေးချိန် ၃ ဒသမ ၅၆၁၈ ကီလို)၊ ဆေးခြောက် ၁၈ မှု (အလေးချိန် ၁ ဒသမ ၃၃၃၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၉ မှု (၂၀၇၁၉၀၉ ပြား)၊ ဘိန်းစာမှုန့် ၁ မှု (အလေးချိန် ၂ ဒသမ ၆၁၂၈ ကီလို)၊ စိတ်ကြွအကြေမှုန့် ၁ မှု (အလေးချိန် ၀ ဒသမ ၂၆၁၈ ကီလို)၊ ဘိန်းညိုမှုန့် (အလေးချိန် ၁ ဒသမ ၆ ကီလို)၊ လိုက်ဇော(၆၀၄ လီတာ)၊ ဆူဒိုအက်ဖီဒရင်း ၂ မှု (အလေးချိန် ၆၆ ဒသမ ၈ ကီလို)၊ အက်ဖီဒရင်း ၁ မှု (အလေးချိန် ၂၅ ဒသမ ၆၆၄ ကီလို) ဖမ်းဆီးရမိခဲ့သည်။ အမှုပေါင်း ၂၃၅ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ(ကျား) ၂၅၄ ဦး၊ (မ) ၅၃ ဦး စုစုပေါင်းတရားခံ ၃၀၇ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု အလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ ကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော အလုံမြို့နယ်မှ မသဇင်ထွန်းအား ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်ခင်ဆွေညွှန့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အင်အားပြင်း မြေငလျင်လှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၉၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(စီးဘူးဒေသ၊ ဖိလစ်ပိုင်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ) တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် လျှပ်စစ်စွမ်းအားရရှိရေးဆောင်ရွက်ချက် မကြာမီဖွင့်လှစ်တော့မည့် ကြီးအုံကြီးဝ ဘက်စုံရေလှောင်တမံ

* ကြီးအုံကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။
* ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။
* မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းသည် အလျားပေ ၃၂၈၀ နှင့် အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစားဖြစ်သည်။
* ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီး ပထမအဆင့် ရေအားလျှပ်စစ်ထုတ်ရန် ၃၇ မဂ္ဂါဝပ်စက်တစ်လုံးတပ်ဆင်ထုတ်လုပ်ခဲ့သည်။ ဖေဖော်ဝါရီလတွင် ဒုတိယအဆင့် စက်တစ်လုံး အပြီးတပ်ဆင်မည်ဖြစ်သည်။
* ယခု စတင်လည်ပတ်သည့် ၃၇ မဂ္ဂါဝပ်စက်မှ ရေအားလျှပ်စစ်ပို့လွှတ်မှုများကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးသွားပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ဓာတ်အားပို့လွှတ်မည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ဤကြီးအုံကြီးဝရေအားလျှပ်စစ်စီမံကိန်းမှ ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုကို ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။
* ရေအားလျှပ်စစ် စက်တပ်ဆင်အား ၃၇ မဂ္ဂါဝပ် စက်နှစ်လုံးစုစုပေါင်း ၇၄ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ ထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၃၇၀ ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၉၆၇၇၇ ဖြစ်ရာ ဒေသအတွင်းပြည်သူများအတွက် စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားပါရရှိမည့် စီမံကိန်းဖြစ်သည်။





သတင်းမှတ်စု - မောင်ငြိမ်းအေး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✳ ယခုအချိန်မှ

လက်တွေ့ဆောင်ရွက်ပြသထားမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံရှိ တိုင်းရင်းသားများအားလုံးသည် လွန်ခဲ့သော နှစ်ပေါင်း ရာထောင်ချီ၍ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ နေထိုင်ခဲ့ပြီး ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေးများတွင်လည်း အတူလက်တွဲ တွန်းလှန်ခဲ့ကြသူများဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့ဘိုးဘွားများ မျှော်မှန်းခဲ့သည့် လွတ်လပ်ရေးရရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖြေရှင်း၍မရနိုင်သည့် နိုင်ငံရေးအခြေအနေများကြောင့် နယ်စပ်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ နယ်စပ်ဒေသရှိ ပြည်သူများမှာလည်း ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ ၎င်းတို့၏ နိစ္စဓူဝ စားဝတ်နေရေးအတွက် ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မှု မရှိခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ အများအပြား ခေတ္တရွှေ့ပြောင်းနေထိုင်လုပ်ကိုင်နေရကြောင်း။

ယနေ့ ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများပင် ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်အဆက်ဆက်က ပြည်တွင်းပဋိပက္ခများကို ငြိမ်းအေးစေပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်

ခဲ့ရာ အလားအလာကောင်းများစွာရရှိနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ချက်ကောင်းများစွာဖြင့် တည်ထောင်ထားသည့် ဤပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများသည် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဤကောလိပ်မှ သင်ကြားပေးလိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံ၊ အင်္ဂလိပ်ဘာသာရပ်များကို ထိရောက်စွာ အသုံးချခြင်းဖြင့် မိမိဒေသ၏ အကျိုး၊ နိုင်ငံတော်၏အကျိုးကို စွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောလိပ်အတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၁၀၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်နှစ်စုံနှင့် နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်းက ဗလာစာအုပ်ဒါဇင် ၁၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးပေါ်ထွန်းလာစေရန်"နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်များ မွေးထုတ်ပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့ရှိ ဒီဂရီကောလိပ်ကို ၁၂-၇-၂၀၀၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် ပရဟိတကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအား ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျရွေးချယ်၍ ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးလျက်ရှိသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ အင်္ဂလိပ်ဒီပလိုမာ ၂၅၈ ဦး၊ ဝိဇ္ဇာဘွဲ့ ၂၂၈ ဦးနှင့် သိပ္ပံဘွဲ့ ၄၀၂ ဦး တို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မန္တလေးမြို့ရှိ စွယ်တော်မြတ်စေတီတော်သို့ ရောက်ရှိပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က စေတီတော်ဝတ္တကမြေအတွင်း ရတနာဆင်ဖြူတော်ထားရှိရန်အတွက် ရတနာဆင်ဖြူတော်ဥယျာဉ်(မန္တလေး) တည်ဆောက်ရေး စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရတနာဆင်ဖြူတော်ဥယျာဉ် (မန္တလေး) တည်ဆောက်မည့်နေရာကို ကြည့်ရှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မန်းမြို့ဈေး၌ ဈေးသူ ဈေးသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် အားကစားကွင်းနှင့် မန်းမြို့ဈေးတို့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အများသုံးသန့်စင်ခန်းများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့တော်တွင် အများသုံးသန့်စင်ခန်းများကို လူစည်ကားရာအရပ်၌ ပိုမိုဆောက်လုပ်ပေးသွားရန်နှင့် များနိုင်သမျှ လောက်စွာ ဆောက်လုပ်ပေးသွားရန်၊ အဆောက်အအုံကိုလည်း လှပသည့် ပုံစံမျိုးဖြင့် ဆောက်လုပ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းကပ်လှူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရုံးအဆောက်အအုံများ ဖွဲ့စည်းနေရာချထားမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နေအိမ်နှင့် ရုံးဌာနများကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

☆ ပြည်ထောင်စုလွှတ်တော်မှ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များအတွက် အမျိုးသားစီမံကိန်းများတွင် ချမှတ်ထားသော ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ မူလခန့်မှန်းခြေ၊ ပြုပြင်ပြီးခန့်မှန်းခြေ၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စိစစ်ပြီး လျာထားချက်ခန့်မှန်းခြေ သာမန်အသုံးစရိတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၁-

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် (ဖြည့်စွက်ငွေ)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်နှင့် ငွေလုံးငွေရင်း ရငွေ/သုံးငွေ လျာထားမှုတို့ကို ရှင်းလင်းတင်ပြပြီး ရသုံးမှန်းခြေငွေစာရင်းအရ ရငွေ/သုံးငွေများအား နေပြည်တော်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ကောက်ခံ/သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ဆောက်လုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဝန်ကြီးဌာန၏ မူဝါဒ၊ စီမံကိန်းရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမျိုးသားစီမံကိန်းမူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ထပ်မံတောင်းခံသည့် ဖြည့်စွက်ခွင့်ပြုငွေ၊ ငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ သာမန်ရငွေ/အသုံးစရိတ်နှင့် ငွေလုံးငွေရင်းရငွေ/အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၂-၂၀၁၂ (အင်္ဂါနေ့)

AM & PM

၅း၄၀	"ဩဝါဒပါတိမောက် အခါသမယနေ့" တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၇း၁၅	ရိုးရာမပျက် ဆင်ယင်နွဲ့ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနိယပွဲ (အပိုင်း-၁)
၈း၂၀	၂၀၁၀ ခုနှစ်အကယ်ဒမီ ပွဲတက်ဖက်ရှင်များ
၈း၄၅	The Shop Around The Corner (Part-16)
၉း၂၀	Road To Miss Lily 2012
၉း၃၀	Cartoon Show Time (Barbie Princess Charm School)
၁၀း၂၅	Celebrity Style(သဲနုဝါ)
၁၀း၄၀	ဗဟိုစာရင်းရုံးအစိုးရ စာရင်းစစ်ဟောင်းများ မိတ်ဆုံပွဲ
၁၁း၀၀	International Show Biz
၁၁း၁၅	အနုပညာမိုးကောင်းကင်
၁၁း၅၅	သင်ကြားရေးလမ်းညွှန် (NAY LIN AUNG Accountancy Training Centre)
၁၂း၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီ ဇာန်းကိုင်များ
၁း၀၀	"ဩဝါဒပါတိမောက် အခါသမယနေ့"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၂း၀၀	**MRTV-4 သတင်း**
၂း၂၀	A Journey To Beijing (Part-3)
၂း၅၅	လူတိုင်းလူတိုင်းကျန်းမာဖို့ AVAMIN ကို သောက်ကြစို့
၃း၁၅	Celebrity Choice (ကောင်းခန့်)
၃း၅၅	The Shop Around The Corner (Part-17)
၄း၀၀	၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁း၄၀	မမေ့နိုင်ပါပြီ. . . ကမ္ဘောဇ အလှဌာနီ
၂း၀၀	ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
၂း၃၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ -ညိုမင်းလွင်)
၂း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၃း၅၅	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၄း၀၅	ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
၄း၂၅	ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ်ဖွယ်ရာ တန်ခိုးကြီးစေတီများ
၄း၃၅	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်

မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Col. Gan. Seng Lock တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ZAYKABAR MYANMAR OPEN 2012
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပသည့် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် Kieran PRATT (Australia)၊ Adam BLYTH(Australia) နှင့် Kiradech APHIBARNRAT (Thailand) တို့ သုံးယောက်စလုံး သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ကြပြီး စုစုပေါင်းရိုက်ချက် ၂၇၃ ချက်စီတူနေသောကြောင့် ကျင်းပို (PLAY-OF)များ ယှဉ်ပြိုင်ကြရာ Kieran PRATT (Australia) က ပထမရရှိပြီး ဆုကြေးအမေရိကန်ဒေါ်လာ ၄၇၅၅၀ နှင့် ယခုပြိုင်ပွဲ၏ အထိမ်းအမှတ်ရုပ်တုဆုကိုပါ ဆွတ်ခူးသွားသည်။ Adam BLYTH (Australia) က ဒုတိယရရှိကာ ဆုကြေးအမေရိကန်ဒေါ်လာ ၂၅၄၂၅ ကို ရရှိသွားသည်။

ယခုပြိုင်ပွဲတွင် ပထမရရှိမည်ဟု မျှော်မှန်းခဲ့သော အရှေ့တောင်အာရှ Professional Golfers Kiradech APHIBARNRAT (Thailand) က ပူးတွဲဒုတိယဆုကြေး အမေရိကန်ဒေါ်လာ ၂၅၄၂၅ ဖြင့် ကျေနပ်သွားသည်။

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာဂေါက်သီးအကျော်အမော်များအနက် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ငါးချက် လျော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၃ ချက်ဖြင့် အကောင်းဆုံး(Best Myanmar Player) ဆုကိုဆွတ်ခူးသွားသည်။ ဝါရင့် ဂေါက်သီးအားကစားသမား ဇော်မိုးသည် သတ်မှတ်ရိုက်ချက်ထက် သုံးချက်သာလျော့ရိုက်နိုင်ခဲ့ပြီး စုစုပေါင်းရိုက်ချက် ၂၈၅ ချက် Position ၅၆ ဖြင့် ဆုကြေးအမေရိကန်ဒေါ်လာ ၉၆၀ ကို ရရှိသွားသည်။

မြန်မာဂေါက်သီးအားကစားတိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၁၂ ခုနှစ် ပြည်တွင်းပြိုင်ပွဲများနှင့် Asian Tour ပြိုင်ပွဲများကို မြန်မာနိုင်ငံ၌ ဆက်လက်ကျင်းပနိုင်ရေး Asian Tour နှင့် MGF & MPGA တို့ ဆက်လက်ကြိုးပမ်းကြမည်ဖြစ်ကြောင်း သိရသည်။

ZAYKABAR MYANMAR OPEN 2012 ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့ကြသော Asian Tour မှ နိုင်ငံတကာ ဂေါက်သီးအကျော်အမော်များသည် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ New Delhi မြို့၌ ကျင်းပမည့် SAIL OPEN ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ယနေ့တွင် လေကြောင်းခရီးဖြင့် New Delhi သို့ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၉)နှစ်ပြည့်အထိမ်းအမှတ်နှင့် အလှူတော်ဓမ္မသဘင် ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၉)နှစ်ပြည့်အထိမ်းအမှတ်နှင့် ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းများ ကူညီထောက်ပံ့ရေးအလှူတော်ဓမ္မသဘင်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ နေ့စဉ် ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဆုံ(နဝဒေးရုပ်ရှင်ရုံရှေ့)ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက် (ကြာသပတေးနေ့)တွင် အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု)က လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့တွင်) မိုးကုတ်ဝိပဿနာဇမ္ဗူမေတ္တာကျောင်းဆရာတော်အရှင်ပဏ္ဍိတ (B.A.Oriental)ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့တွင်) မွန်ကျောင်းဆရာတော် အရှင်ပညာသိရီ(မေတ္တာရှင်ကြယ်တစ်ပွင့်)ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ညောင်ပင်သာဆရာတော် အရှင်မာလာစာရ (ဓမ္မာစရိယ၊ မိုးကုတ်နယ်လှည့်ဓမ္မကထိက)က လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက် (တနင်္လာနေ့)တွင် အောင်စကြာဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယပြည်တွင်းပြည်ပသာသနာပြု) နယ်လှည့်ဓမ္မကထိက)က လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက် (အင်္ဂါနေ့)တွင် ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ (နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက)က လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေဝါဝင်းဆရာတော် ဒေါက်တာအရှင်အာသဘ(Ph.D မွန်ဘိုင်းတက္ကသိုလ်)က လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်၍ တရားနာယူလှူဒါန်းနိုင်ပါကြောင်းနှင့် ယဉ်ကျေးမှုသင်တန်းဆောင်ရွက်လိုသူများသည်လည်း ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄) ပ-ထပ် ရွှေတိဂုံဘုရားလမ်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃၉၉၈၊ ၀၉-၅၀၁၅၄၄၆ နှင့် ဓမ္မမိတ်ဆွေအဖွဲ့ ဖုန်း-၀၉-၅၀၁၁၆၅၀၊ ၀၉-၄၉၂၉၄၆၇၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်လည်ထူထောင်ရေးနည်းလမ်းများ ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၆

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မှ အကြံပေးပုဂ္ဂိုလ် Mr. Tiago Sequeira Wandschneider သည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ သွားရောက်၍ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဥရောပသမဂ္ဂ(EU)၏ အထောက်အပံ့ဖြင့် ကုန်သည်/စက်မှု အသင်းချုပ်နှင့် EC-FAO တို့ ပူးပေါင်း၍ နာဂစ်မုန်တိုင်းကာလအတွင်း ပျက်စီးဆုံးရှုံးခဲ့သောဒေသများ ပြန်လည်ထူထောင်ရေး၊ အခြေခံကုန်ပစ္စည်းများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများနှင့် ဒေသထွက်ကုန်များ၊ ဈေးကွက် ပြန်လည်ရရှိရေးအတွက် ကွင်းဆင်း လေ့လာမှုအပေါ် အခြေပြု၍ အနာဂတ်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက လုပ်ဆောင်သင့်သည့် ဈေးကွက် ပြန်လည်ထူထောင်ရေး နည်းလမ်းများကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဝယ်ယူဆောက်လုပ်နိုင်ရန်အတွက် မိဘနှစ်ပါးအား ရည်စူး၍ အလုံမြို့နယ် အောင်ဇေယျ ကွန်ပလက် တိုက် ၃/၇၀၂ (ဘီ)နေ ဒေါ်သန့်စိန်ဦး မိသားစုက ငွေကျပ် ၁၀၀၅၀၀ ကို လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုဥက္ကဋ္ဌ ဦးမင်းရွှေတို့ လက်ခံရယူစဉ်။

(ကြေးမုံ)

❖ ရတနာပုံအသင်းမှ

ရတနာပုံအသင်းမှာ ဒုတိယနေရာကို ရယူနိုင်ရန် လူစုံထုတ်ပြီး ကစားခဲ့သည်။ ပွဲအစ ၇ မိနစ်မှာပင် ပိုင်စိုးက ရတနာပုံအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် ဇွဲကပင်အတွက် ကျော်သီဟက ချေပဂိုးပြန်သွင်းခဲ့သည်။

အမှတ်မရသေးသည့် ဇွဲကပင် အသင်းမှာ သရေရလဒ်ကို ထိန်းရန် ကြိုးစားခဲ့သော်လည်း ဒုတိယနေရာအတွက် ကြိုးပမ်းနေသည့် ရတနာပုံ၏တိုက်စစ်ကို တောင့်ခံနိုင်ခြင်းမရှိခဲ့ပေ။

၆၃ မိနစ်တွင် ဇွဲကပင်နောက်ခံလူ အိုမီလီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရတနာပုံအသင်း ဒုတိယဂိုး ရခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၇၂ မိနစ်တွင် ဒီဂျမ်က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း

ကမ္ဘောဇ - ခြောက်ဂိုး

(ဟန်ဆန်-နှစ်ဂိုး၊ ဇင်မျိုးအောင်၊ လစ်ပီလစ်ပီ၊ နူနက်ဇ်နှင့် စိုးမင်းဦး-တစ်ဂိုးစီ)

မောရဝတီ - နှစ်ဂိုး

(အောင်ကျော်ထွန်းနှင့် မျိုးသက်ထွန်း)

YUSC ကွင်း

ချင်းယူနိုက်တက်-တစ်ဂိုး

Southern-တစ်ဂိုး

ပွဲစဉ် (၅)အပြီးတွင် ကမ္ဘောဇအသင်းက ငါးပွဲစလုံးနိုင်ကာ ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံအသင်းက ၁၃ မှတ်ဖြင့် ဒုတိယနေရာလိုက်နေသည်။ နေပြည်တော်အသင်းက တတိယ၊ ဇေယျာရွှေမြေက စတုတ္ထနှင့်လက်ရှိချန်ပီယံ ရန်ကုန်က ပဉ္စမနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

အလုံမြို့နယ်၌ စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်(မြောက်)ရပ်ကွက် ၄၀လမ်း၌ စာပေဟောပြောပွဲ ကျင်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် ဆရာအောင်သင်း၊ ဆရာမနုနုရည်(အင်းဝ)၊ ဆရာအော်ပီကျယ်၊ ဆရာမောင်သာချို(ဂျက်-ကွမ်းခြံကုန်း)တို့က ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(၆၈၀)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နျူကလီးယားဗုံးများကြောင့် ညစ်ညမ်းနေသောဒေသ သုတ်သင်ရှင်းလင်းနိုင်ရန် အမေရိကန်က စပိန်ကို ကူညီမည်

ဘာစီလိုနာ ဖေဖော်ဝါရီ ၆

စပိန်နိုင်ငံ၌ မပေါက်ကွဲဘဲရှိနေခဲ့သော နျူကလီးယားဗုံးများကြောင့် ဓာတ်ရောင်ခြည်ညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိသည့် နေရာဒေသတစ်ခုတွင် သုတ်သင်ရှင်းလင်းမှုပြုလုပ်နိုင်ရန် အမေရိကန်နိုင်ငံက နည်းပညာအကူအညီပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လွင့်စဉ်ကျရောက်

၁၉၆၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က အမေရိကန် ဘီ-၅၂ ဗုံးကြဲလေယာဉ်တစ်စင်းသည် နျူကလီးယားဗုံးလေးလုံးကို သယ်ဆောင်ကာ ပျံသန်းမောင်းနှင်လာခဲ့ကြောင်း၊ ယင်းလေယာဉ်သည် စပိန်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန် ဝေဟင်အတွင်း လေယာဉ်ဆီဖြည့်ပေးသော ကေစီ-၁၃၅ အမျိုးအစား လေယာဉ်တစ်စင်းနှင့် တိုက်မိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် လေယာဉ်နှစ်စင်းပေါ်ရှိ လေယာဉ်ဝန်ထမ်း ခုနစ်ဦး သေဆုံးခဲ့ရပြီး နျူကလီးယားဗုံးလေးလုံး မြေပြင်ပေါ်သို့ လွင့်စဉ်ကျရောက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

စပိန်နိုင်ငံ ပါလာမာရက်စ်မြို့အနီးသို့ ဟိုက်ဒရိုဂျင်ဗုံးသုံးလုံးကျရောက်ခဲ့ပြီး ဗုံးတစ်လုံးမှာ မြေထဲပင်လယ်အတွင်းသို့ ကျရောက်ခဲ့သည်။

နျူကလီးယား ညစ်ညမ်းမှုရှိနေသောဒေသ၌ ရှင်းလင်းသုတ်သင်နိုင်ရန် အမေရိကန်အစိုးရက နည်းပညာအကူအညီပေးမည်ဟု စပိန်နိုင်ငံကို ကမ်းလှမ်းခဲ့သည်။

အင်တာနက်။

ပါလက်စတိုင်း ညီညွတ်ရေးအစိုးရအဖွဲ့ကို ဦးဆောင်မည့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်(ဝဲ)။

ပါလက်စတိုင်းညီညွတ်ရေး အစိုးရအဖွဲ့ကို မာမွတ်အဘတ်စ် ဦးဆောင်ရန် သဘောတူ

ဒိုဟာ ဖေဖော်ဝါရီ ၆

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် ကြားဖြတ်ညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ကို ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် ဦးဆောင်ရန် ပြိုင်ဘက်နိုင်ငံရေးအုပ်စုများက ဖေဖော်ဝါရီ ၆ ရက်တွင် သဘောတူညီ လိုက်ကြသည်။

ကာတာနိုင်ငံက ကြားဝင်စေ့စပ်ပေးသော သဘောတူညီချက်ကို အဘတ်စ်နှင့် ဟားမားစ် အဖွဲ့ခေါင်းဆောင် ခါလက်မာရှားတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုရရှိခဲ့သော သဘောတူညီချက်ကို မြန်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်ရန် ပြည်သူများအား ကတိကဝတ်ပြုပါကြောင်း အဘတ်စ်က ပြောကြားသည်။

အစ္စရေး၏ ကျူးကျော်သိမ်းပိုက်ခံဘဝမှ လွတ်မြောက်ရေးအတွက် မိမိတို့ ကြိုးပမ်းအားထုတ်ရာတွင် နိုင်ငံရေးအုပ်စုများအကြား သဘောကွဲလွဲမှုများကို ဖယ်ရှားကာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဟားမားစ်ခေါင်းဆောင် မာရှားက ပြောကြားသည်။

ပါလက်စတိုင်းသမ္မတနှင့် ဟားမားစ်ခေါင်းဆောင်တို့သည် လွန်ခဲ့သည့်နှစ်က ပြန်လည်သင့်မြတ်ရေး သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်။အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ လေးနှစ်ကြာမျှ သီးခြားအစိုးရအဖွဲ့များ ထူထောင်ခဲ့ကြပြီးနောက် ယင်းကဲ့သို့ သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပ

လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ဆောက်လုပ်ရေး၊ ကုန်သွယ်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဝန်ကြီးဌာန၏မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဖြည့်စွက်ငွေတောင်းခံရခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်း၊ သာမန်အသုံးစရိတ်၊ ထောက်ပံ့ငွေအသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားမှုနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရငွေ/ သုံးငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက ဝန်ကြီးဌာန၏မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ဦးစီးဌာန အလိုက် လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရငွေနှင့်အသုံးစရိတ်၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ရငွေနှင့် အသုံးစရိတ်၊ စိစစ်ပြီး ငွေသားစာရင်းလျာထားမှု၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ဆောက်လုပ်ရေး အသုံးစရိတ်၊ စက်ပစ္စည်းအသုံးစရိတ်၊ အခြားအသုံးစရိတ်၊ စိစစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နိုင်ငံခြားငွေအသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာရေး၊ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေး ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့်စာရင်းချုပ်၊ ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်း၊ ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအရ သာမန်အသုံးစရိတ်၊ ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရငွေ/သုံးငွေ နှိုင်းယှဉ်ချက်၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် နိုင်ငံပိုင်နိုင်ငံခြားငွေ ရငွေ/သုံးငွေတို့ကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအား ထူးခြားစွာ တင်ဆက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၀ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ Forever Group Co., Ltd.၊ Event Organizer ဖြစ်သော Forever Blossom Co., Ltd. နှင့် ထိုင်းနိုင်ငံ Index Creative Village အဖွဲ့အစည်းတို့က ယခင်နှစ်နှင့်မတူသည့် စင်မြင့်အပြင်အဆင်များ၊ အဆင့်မြင့်မီးစနစ်များ၊ အသံစနစ်များ၊ ရိုက်ကူးမှု ပြကွက်များ၊ Digital Mapping စနစ်များဖြင့် ထူးခြားစွာ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခင်နှစ်များက တင်ဆက်ခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများနှင့်မတူဘဲ မီဒီယာများ စည်းကမ်းတကျ သတင်းမှတ်တမ်းများရယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း၊ ရုပ်သံမီဒီယာများနှင့် ပုံနှိပ်မီဒီယာများအတွက် ဓာတ်ပုံရိုက်ကူးရန် နေရာပြုလုပ်ထားပြီး လွယ်ကူစွာ ဝင်ထွက်ရိုက်ကူးနိုင်ရန် စီစဉ်ပေးထားခြင်း၊ စင်မြင့်အနီးတွင် ရိုက်ကူးခွင့်ပြုထားသော ဓာတ်ပုံဆရာ ၆၀၊ ရီပိုတာ ၆၀ ပေါင်း ၁၂၀ တို့ ရိုက်ကူးထားသော ဓာတ်ပုံများအား Fiber ဆက်ကြောင်းမှ Media Center သို့ ပေးပို့ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

ယနေ့ သတင်းအညွှန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ သစ်လက်ထက် လျှပ်စစ်စွမ်းအားရရှိရေး ဆောင်ရွက်ချက် မကြာမီဖွင့်လှစ်တော့မည့် ကြီးအုံကြီးဝဘက်စုံရေလှောင်တမံ

ပြည်တွင်းသတင်း စာမျက်နှာ ၈

မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် တွံတေးမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်း ထပ်မံဆောင်ရွက်

ပြည်တွင်းသတင်း စာမျက်နှာ ၇

ဈေးကွက်ဝင်ငါးနှင့် မွေးမြူနည်းစနစ် ပြောင်းလဲရန်လို

ပြည်တွင်းသတင်း စာမျက်နှာ ၇

နျူပုံးများကြောင့် ညစ်ညမ်းနေသောဒေသ သုတ်သင်ရှင်းလင်းနိုင်ရန် အမေရိကန်က စပိန်ကိုကူညီမည်

နိုင်ငံတကာသတင်း စာမျက်နှာ ၁၀

ရတနာပုံအသင်း ဒုတိယနေရာရောက်လာပြီး ကမ္ဘောဇအသင်း ငါးပွဲဆက်အနိုင်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် ဖေဖော်ဝါရီ ၆

MNL MYANMAR 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၅) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ကမ္ဘောဇတို့ နိုင်ပွဲများ ဆက်ခဲ့ကြသည်။

(အောင်ဆန်းကွင်း)

ရတနာပုံ - သုံးဂိုး

(ပိုင်စိုး၊ ဒီဂျမ်နှင့် ဇွဲကပင်မှ အိုမီလီကိုယ့်ဂိုးကိုယ်သွင်း)

ဇွဲကပင်ယူနိုက်တက် - တစ်ဂိုး

(ကျော်သီဟ)

ယမန်နေ့က ကစားခဲ့သည့်ပွဲတွင် နေပြည်တော် အသင်းရှုံးနိမ့်ခဲ့၍ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

ရတနာပုံအတွက် ပထမဂိုးကို ပိုင်စိုးသွင်းယူနေစဉ်။